စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# ဘုရားကိုးဆူ ပူဇော်နည်း

ကျိုးသဲလေးထပ်ဆရာတော်



mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

# ဘုရားကိုးဆူ

## ပူဇော်နည်း

ကျီးသဲလေးထပ်ဆရာတော်

TAYA0020
900.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဒေါ်မျိုးမျိုးလတ်၊ ရွှေခေတ်စာပေ၊ ၂၁၊ ဒါနလမ်း၊ သာယာကုန်းရပ်၊ မင်္ဂလာတောင်ညွန့်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ နိုဝင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၆၄ ဟံသာဝတီပုံနှိပ်တိုက်၏ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၉ ၀ ၀ ကျပ်

ဘုရားကိုးဆူပူဇော်နည်း
ကျိုးသဲလေးထပ်ဆရာတော်- ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၄၊
စာမျက်နှာ ၅၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) ဘုရားကိုးဆူပူဇော်နည်း

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ဘုရားကိုးဆူ
# ပူဇော်နည်း
## ကျီးသဲလေးထပ်ဆရာတော်

မြန်လည်ရှိက်စ်နှိပ်ငြိမ်း

mgyoe.com
mgyoe.com

mgyoe.com
mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

ရွှေတောင်မြို့
ကျီးသဲလေးထပ်ဆရာတော်

# ဘုရားကိုးဆူ
## ပူဇော်နည်း

[အဌဇယမင်္ဂလာဂါထာပါဠိအနက်, သာသနာလျှောက်အကျယ် ဘုရားကိုးဆူပူဇော်ခြင်းအတွက်ပွဲတွင် ဘုရားကိုးဆူသမိုင်းနှင့် အကျိုးပေးပုံ, အာယုဝဍ္ဎန သတို့သားဝတ္ထုများ ပါရှိသည်။]

mgyoe.com

mgyoe.com

# မာတိကာ


ဦးရေ အကြောင်းအရာ စာမျက်နှာ

နိဒါန်းနှင့်ကျိုးသဲလေးထပ်ဆရာတော်အတ္ထုပ္ပတ္တိ

ဘုရားကိုးဆူပူဇော်နည်း

၁။ ညဥ့်ဦးယံဘုရားပင့် ၁

၂။ ကပ်လှူပူဇော်ရန် ၅

၃။ ဘုရားသခင်သီတင်းသုံးရာ ၆

၄။ ရဟန္တာ ၈–ပါးတို့ အသီးသီး သီတင်းသုံးရာ ၆

၅။ ဘုရားသခင်ထံဆုတောင်း ၁၃

၆။ ရဟန္တာ ၈–ပါးတို့ထံ အသီးသီး ဆုတောင်းရန် ၁၃

၇။ အမျှဝေရန် ၁၇

နောက်ဆက်တွဲ

၈။ အောင်ခြင်း ၈–ပါးပါဠိအနက် ၂၁

၉။ မာရ်နတ်သားကို အောင်တော်မူခြင်း ၂၃

၁၀။ အာဠဝကဘီလူးကို အောင်တော်မူခြင်း ၂၄

၁၁။ နာဠာဂိရိဆင်ကို အောင်တော်မူခြင်း ၂၅


mgyoe.com

mgyoe.com


၁၂။ အင်္ဂုလိမာလကို အောင်တော်မူခြင်း ၂၆

၁၃။ စိဉ္စမာနမိန်းမယုတ်ကို အောင်တော်မူခြင်း ၂၆

၁၄။ သစ္စကပရိဗိုဇ်ကို အောင်တော်မူခြင်း ၂၇

၁၅။ နန္ဒောပနန္ဒနဂါးမင်းကို အောင်တော်မူခြင်း ၂၈

၁၆။ ဗကဗြဟ္မာကို အောင်တော်မူခြင်း ၂၉

၁၇။ သာသနာ့လျှောက်အကျယ် ၃၀

၁၈။ ဘုရားကိုးဆူပူဇော်ခြင်းအတ္ထုပ္ပတ္တိ ၃၆

၁၉။ ဘုရားကိုးဆူပူဇော်ခြင်းသမိုင်းနှင့်အကျိုးပေး ၄၂

၂၀။ အာယုဝဍ္ဎန သတို့သားဝတ္ထု ၄၃


mgyoe.com

mgyoe.com

# နိဒါန်း

ဘဝတု သဗ္ဗမင်္ဂလံ။ ။ သဗ္ဗမင်္ဂလံ၊ လောကုတ်လောကီ၊ နှစ်လီအကျိုး၊ ပွားတိုးစေကြောင်း၊ အလုံးစုံသော ကျက်သရေ မင်္ဂလာအပေါင်းသည်။ ဘဝတု၊ ဖြစ်ပါစေသော်။

ဘုရားကိုးဆူ ပူဇော်ခြင်းကို ဗုဒ္ဓဘာသာဝင်တိုင်း နားလည်ကြသည်။ ကုသိုလ်ဘက်ဆိုင်ရာ ကောင်းမြတ်သောလုပ်ငန်းတစ်ရပ်ဟု အသိအမှတ်ပြုကြသည်။ လူမျိုးမရွေး၊ ဆင်းရဲချမ်းသာမရွေး ပူဇော်လေ့ရှိကြသည်။

စည်သူမောင်မောင်ကျော် ရေးသားစီရင်အပ်သော မန္တလေးမြို့တည်နန်းတည် စာတမ်းအရ ပဉ္စမ သင်္ဂါယနာတင်မင်းတုန်းမင်းတရားကြီးပင် မန္တလေးမြို့နန်းကို တည်ဆောက်ရာ၌ တောခုတ်ထွင်ရှင်းလင်းသည်မှစ၍ မြို့နန်းပြီးဆုံးသည်တိုင်အောင် အကြိမ်ကြိမ် ပရိတ်တော် ရွတ်ဖတ်စေခြင်း, ဘုရားကိုးဆူ ပူဇော်စေခြင်းတို့ကို ထောက်ထားလျှင် ဘုရားကိုးဆူ ပူဇော်ခြင်းမှာ ဘုရင်မင်းမြတ်မှစ၍ တစ်နိုင်ငံလုံးပြုလုပ် ဆည်းပူးကြသော ကုသိုလ်ထူးဖြစ်ကြောင်း ထင်ရှားသည်။

mgyoe.com

mgyoe.com



## ဘုရားကိုးဆူ သရုပ်အဓိပ္ပာယ်

ဘုရားကိုးဆူခေါ်ဆိုရာမှာ–

(၁) ဘုရား။

(၂) ရှင်သာရိပုတ္တရာ။

(၃) ရှင်မောဂ္ဂလာန်။

(၄) ရှင်ကောဏ္ဍည။

(၅) ရှင်အာနန္ဒာ။

(၆) ရှင်ဂဝမ္ပတိ။

(၇) ရှင်ရာဟုလာ။

(၈) ရှင်ရေဝတ (ဤ၌ ခဒိရ ရေဝတ–ကိုယူပါ)

(၉) ရှင်ဥပါလိဟူ၍ ဘုရားနှင့် ရဟန္တာရှစ်ပါးကို ပေါင်းစပ်၍ ဘုရားကိုးဆူ ခေါ်ဆိုခြင်းဖြစ်သည်။

ထိုသို့ ခေါ်ဆိုရာ၌ ဘုရားချည်းသက်သက် မဟုတ်သော်လည်း ဤကိုးပါးတို့တွင် ဘုရားက အကြီးအမှူးဖြစ်၍ ပြဋ္ဌာန်းသောကြောင့် ပဓာနနည်းအားဖြင့်လည်းကောင်း၊ (တစ်နည်း) ဘုရားနှင့် ရဟန္တာမှာ မြတ်သောအလှူကို ခံယူထိုက် ပူဇော်ထိုက်သော (ဒက္ခိဏေယျ–ပူဇာရဟ)လက္ခဏာချင်း တူသောကြောင့် လက္ခဏာဟာရနေတ္တိနည်းအားဖြင့်လည်းကောင်း၊ (တစ်နည်း) ဘုရားနှင့် ရဟန္တာမှာ သဗ္ဗညုဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ, စတုသစ္စဗုဒ္ဓ, သုတဗုဒ္ဓဟူ၍ ဗုဒ္ဓလေးမျိုးရှိရာ ဘုရားကား သဗ္ဗညုဗုဒ္ဓ၊ ရဟန္တာသာဝကကား စတုသစ္စဗုဒ္ဓဖြစ်၍ ဗုဒ္ဓချင်း(ဘုရားချင်း)တူသောကြောင့် သဒိသူပစာအားဖြင့်လည်းကောင်း၊ ဘုရားနှင့် ရဟန္တာရှစ်ပါးကို တစ်ပေါင်းတည်း ပေါင်းစပ်ကာ ဘုရားကိုးဆူဟု ခေါ်ဆိုခြင်းဖြစ်သည်။

ထိုသို့ယူရာ၌ ရှင်သာရိပုတ္တရာစသော ဤရဟန္တာရှစ်ပါးသာ ဗုဒ္ဓ=ဘုရားဖြစ်သည်မဟုတ်၊ တစ်ပါးသောရဟန္တာတို့လည်း ဗုဒ္ဓ= ဘုရားဖြစ်နေသောကြောင့် ဘုရားကိုးဆူရေတွက်ရာ၌ ယူသင့်သော်

mgyoe.com

mgyoe.com


လည်း မယူဘဲ ပုဂ္ဂိုလ်အားဖြင့်လည်းကောင်း၊ အရပ်မျက်နှာ အနေအထားအားဖြင့်လည်းကောင်း အသင့်လျော်ဆုံးဖြစ်သော ဤရဟန္တာရှစ်ပါးကိုသာ ယူခြင်းဖြစ်သည်။

လောကီဘက်ဆိုင်ရာတို့၌ ကကုသံ, ကောဏာဂုံ, ကဿပ, ဂေါတမ, မေတ္တေယျဘုရားတို့ကို အတိုကောက် (သံ–ဂုံ–ပ–မ–ယျ) အက္ခရာငါးလုံး အမှတ်အသားပြု၍ ဘုရားငါးဆူဟု သုံးစွဲကြသည်။

သုတ်ပါထေယျ ပါဠိတော် အာဋာနာဋိယသုတ်၌ ဝေဿဝဏ်နတ်မင်းကြီး မိမိသိမှီသမျှ ဘုရားကိုလျှောက်ထားရာ၌ ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသံ, ကောဏာဂုံ, ကဿပ, ဂေါတမ ဘုရားတို့ကိုလည်း ဘုရားခုနစ်ဆူဟု သုံးစွဲကြသည်။ တဏှင်္ကရာအစဂေါတမအဆုံးရှိသော ဘုရားတို့ကိုလည်း ဘုရားနှစ်ကျိပ်ရှစ်ဆူဟု သုံးစွဲကြသည်။ လယ်တီဆရာတော် ဘုရားကြီးသည်ပင် ထိုဘုရားခုနစ်ဆူနှင့် နှစ်ကျိပ်ရှစ်ဆူတို့ကို "ဝိပဿီ ဗုဒ္ဓေါဘဂဝါ၊ သိခီဗုဒ္ဓေါ ဘဂဝါ" စသည်ဖြင့် အန္တရာယ်ကင်းခုနစ်ဆူစက်ပရိတ်, နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်ပြုလုပ်၍ သုံးစွဲသည်။ ဤသို့ သူ့နေရာနှင့်သူ သင့်သလို သုံးစွဲကြသည်ကို တွေ့မြင်ရသည်။

## ဘုရားကိုးဆူ ပူဇော်ခြင်းအလေ့အထ ဖြစ်ပေါ်လာပုံ

မြတ်စွာဘုရားသည် ဒီဃလယ်ဳိကမြို့ကို အမှီပြု၍ တောကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒီဃလယ်ဳိကမြို့သား ပုဏ္ဏားတစ်ယောက်သည် ခုနစ်ရက်မျှသာအသက်ရှည်လတ္တံ့သော မိမိသားငယ်အတွက် မြတ်စွာဘုရားနှင့်တကွ ရဟန္တာရှစ်ပါးကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ပရိတ်တော်နာယူရာ မြတ်စွာဘုရားက သင်၏သားငယ်သည် အသက်တစ်ရာ့နှစ်ဆယ်ရှည်လိမ့်မည်ဟု မိန့်ကြားတော်မူသဖြင့် "အာယုဝဍ္ဎနသတို့သား" အမည်မှည့်ကြောင်းပါရှိသော ဓမ္မပဒအဋ္ဌ

mgyoe.com

mgyoe.com



ကထာ အာယုဝဍ္ဎနကုမာရဝတ္ထုကို အတုယူ၍ ဘုရားကိုးဆူပူဇော်သော အလေ့အထဖြစ်ပေါ်လာကြောင်း ဆရာစဉ်ဆက်အမိန့်ရှိသည်ကို ကြားနာရဖူးသည်။ သည်ကိုထောက်လျှင် ဘုရားလက်ထက်ကပင် စတင်ဖြစ်ပေါ်လာသည်ဟု ယူဆသင့်သည်။ နောက်မြန်မာပြည်သို့ သာသနာတော်ရောက်လာသောအခါ၌ အလေ့အထ ပါလာဟန်တူသည်။

[ မှတ်ချက်။ ။ အာယုဝဍ္ဎန ကုမာရဝတ္ထု၌ ရှစ်ပါးသာမဟုတ် "အဋ္ဌဝါ သောဠသဝါ" ပါရှိသဖြင့် ရှစ်ပါးသော်လည်းကောင်း, တစ်ဆယ့်ခြောက်ပါးသော်လည်းကောင်း ယူရမည်ဖြစ်သည်။ သို့သော်လည်း ကိုးဆူနှင့် ညီညွတ်ရာကိုသာယူ၍ ဆရာစဉ်ဆက် အမိန့်ရှိဟန်တူသည်။]

တစ်ကြောင်းလည်း သက္ကရာဇ်(၇၆၇)ခု လောက်တွင် ဇင်းမယ်ပြည်၌ ရုတ်တရက် သူပုန်ဘေးကြီးဖြစ်ပေါ်လာသည်။ ထိုအခါ ရှင်သီလဝံသ ထေရ်သည်"ဥပ္ပါတသန္တိ"ကျမ်းကို ရေးသားစီစဉ်၍ ရွတ်ဖတ်နာယူစေရာ ယင်းသူပုန်ဘေးကြီး အေးငြိမ်းသွားသည်။ ထိုဥပ္ပါတသန္တိကျမ်း ဖြစ်ပေါ်လာစကပင် ဘုရားကိုးဆူ ပူဇော်သော အလေ့အထလည်း ဖြစ်ပေါ်လာသည်ဟု ယူဆင့်သင့်သည်။ အကြောင်းကား ဘုရားကိုးဆူ ပူဇော်ရာ၌ ယခင်အခါက ဥပ္ပါတသန္တိကျမ်းကို ရွတ်ဖတ်လေ့ရှိသောကြောင့် ဖြစ်သည်။

တစ်ကြောင်းလည်း သက္ကရာဇ်(၉၁၅–ခု၊ မုံရွေးရာဇဝင်ချုပ်အလို ၉၁၂–ခု) ဟံသာဝတီပြည်တွင် နန်းတက်သော ဘုရင့်နောင် ဆင်ဖြူများရှင်လက်ထက် ဇင်းမယ်ကို အောင်နိုင်သဖြင့် အုပ်ချုပ်ရန် သားတော်နော်ရထာကို လွှဲအပ်သည်။ ထိုအခါ ဇင်းမယ်တွင် ပိဋကတ်, ဗေဒင်ကျမ်းကျင်လိမ္မာသော ပညာရှိများ ထွန်းကားသောအခါ ဖြစ်သည်။ ဇင်းမယ်ပြည်၌လည်း ဂြိုဟ်ကြီးကိုးလုံး ပူဇော်သောအလေ့အထမှာ

mgyoe.com

mgyoe.com


ရှိနှင့်ပြီးဖြစ်သည်။ ထိုအခါ ရဟန်းပညာရှိတို့က "ဂြိုဟ်ကြီးကိုးလုံးကို ပူဇော်သည့်နေရာတွင် ဘုရား ၉ – ဆူပူဇော်ကြလျှင် ကောင်းလိမ့်မည်"ဟု ကြံစည်ကာ ဇင်းမယ်ဘုရင်နှင့်ပြည်သူတို့အား ဂြိုဟ်ကြီးကိုးလုံးနှင့် သင့်လျော်အောင် ဘုရားကိုးဆူ ပူဇော်နည်းကို စီစဉ်ပေးခြင်းဖြစ်လိမ့်မည်။ သို့အတွက် ထိုအခါကစ၍ ဘုရားကိုးဆူပူဇော်ခြင်းအလေ့အထ ဖြစ်ပေါ်လာသည်ဟု ယူဆသင့်သည်။ နောက်မြန်မာပြည်သို့ ရောက်လာဟန်တူသည်။

## ပူဇော်ခြင်း၏ အကျိုးကျေးဇူး

ဤစာအုပ်၌ ညွှန်းပြသော အစီအရင်အတိုင်း ပြုလုပ်ပါလျှင်ဖြစ်ဆဲဖြစ်လတ္တံ့၊ ကျရောက်ဆဲ ကျရောက်လတ္တံ့သော ဥပဒ်, ဘေးဒဏ်, ရန်, မာရ်, အန္တရာယ်ကင်းစင် လွင့်ပျောက်ခြင်း၊ အာယုဝဍ္ဎနကုမာရဝတ္ထုလာသည့်အတိုင်း အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း၊ ခွန်အားဗလကြီးချင်း စသော အကျိုးထူးတို့ကို ရရှိကြလျက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလိမ့်မည်ဟု ယုံကြည်စိတ်ချရသည်။

ဤဘုရားကိုးဆူ ပူဇော်ခြင်း အလေ့အထမှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်၍ "တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း"ဆိုသည့်အတိုင်း ပူဇော်ခြင်းအမျိုးမျိုးရှိသဖြင့် ပူဇော်ရာ၌လည်း အမျိုးမျိုးပူဇော်သည်ကို တွေ့မြင်ရသည်။

ထိုသို့ ပူဇော်နည်းအမျိုးမျိုးရှိသော်လည်း "အကျွန်ုပ်တို့ ဟံသာဝတီပုံနှိပ်တိုက်"က ထိုနည်းအမျိုးမျိုးသို့မလိုက်ဘဲ နည်းကောင်းနည်းမှန်သမားရိုးကျ "သဒ္ဓမ္မဝိလာသိနီကျမ်း"တွင် ပါရှိသော ဖိနတ္တပကာသနီစသောကျမ်းပေါင်းများစွာကို ရေးသားစီရင်ခဲ့သဖြင့် တစ်သာသနာလုံးကျော်စောထင်ရှားသည့် ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး၏ "ဘုရားကိုးဆူပူဇော်နည်း"နှင့် ရာဇမိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ

mgyoe.com

mgyoe.com



မောင်းထောင်ဆရာတော် ဘုရားကြီး၏ "ဗုဒ္ဓနုဝမပူဇာဝိနိစ္ဆယ" မည်သော ဘုရားကိုးဆူပူဇော်ခြင်းအတ္ထုပ္ပတ္တိ အဆုံးအဖြတ်ပါ ထည့်သွင်း၍ မြန်မာစာဖတ်တတ်သူတိုင်း ဤစာအုပ်ကိုကိုင်၍ ကိုယ်တိုင်ကိုယ့်ကျ ရွတ်ဖတ်ပူဇော်နိုင်ကြစေရန် ရည်သန်ချက်ထားရှိခြင်း ဖြစ်ပါသည်။

ဦးကြီးဖေ
ပဌမကျော်–မဟာပညာဗလ။
၂၃–၈–၆၃

၀၀၀

mgyoe.com

mgyoe.com

# ကျီးသဲလေးထပ်ဆရာတော် အတ္ထုပ္ပတ္တိ

ဗုဒ္ဓဘာသာဝင်တို့လေးစားကြသော ဤဘုရားကိုးဆူကပ်လှူပူဇော်နည်း နိသျည်းကို ဖန်တီးပြုပြင်စီရင်တော်မူသော ကျီးသဲလေးထပ် ဆရာတော်ကြီးသည် သက္ကရာဇ် ၁၁၇၉–ခုနှစ် သီတင်းကျွတ်လပြည့်ကျော် – ၈ ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။ ငယ်နာမည်မှာ မောင်ကင်းဖြစ်သည်။

မောင်ကင်းသည် ငယ်ရွယ်စဉ်အခါမှစ၍ အခြေခံဖြစ်သော လောကီ, လောကုတ္တရာ စာပေများကို သာမဏေဘဝနှင့်ပင် သင်ကြားတတ်မြောက်လျက် အသက် ၂၀–ပြည့်သောအခါ ရွှေတောင်မြို့ ဂိုဏ်းအုပ်ဆရာတော် အရှင်ကုမာရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်တွင် “အရှင် မုနိန္ဒာဘိဓဇ”ဟူသော ဘွဲ့အမည်ကို ခံယူရရှိလေသည်။

ရဟန်းအဖြစ်သို့ရောက်ပြီးနောက် မန္တလေးနေပြည်တော်သို့ကြွ၍ တံဆိပ်တော်အထပ်ထပ်ရရှိတော်မူသော မောင်းထောင်သာသနာပိုင်ဆရာတော်, မိတ္ထီလာဆရာတော်, ခင်မကန်ဆရာတော်, ရွှေတိုက်ဝန်ဆရာတော် စသော ဆရာတော်ကြီးတို့အထံ၌ သာသနာတော်အစီးအပွားဖြစ်သော ပိဋကတ်များနှင့် အပြစ်မရှိသောလောကီ

mgyoe.com

mgyoe.com


ကျမ်းတို့ကို ဆည်းပူး သင်ကြားတော်မူလေသည်။

လောကီ, လောကုတ္တရာ စာပေကျမ်းဂန်များ သင်ကြားတတ်မြောက်ပြီးသော် ၁၂၅၅–ခုနှစ်တွင် ဟင်္သာတသို့ ကြွရောက် သီတင်းသုံးတော်မူ၍ တစ်ဖန် ရွှေတောင်မြို့သို့ ပြန်ကြွကာ ရွှေတောင်, ပန်းတောင်း၊ ဟံသာဝတီတို့၌ ဝန်ကြီးလုပ်၍ အုပ်ချုပ်ရသော "မင်းကြီးမဟာမင်းလှ မင်းခေါင်ကျော် နော်ရထာ"ဘွဲ့ခံ အမတ်ကြီးဦးမှုံ့ ဆောက်လုပ်လှူဒါန်းအပ်သည့် ကျီးသဲရွာအရှေ့မျက်နှာ လေးထပ်ကျောင်းကြီးကို အလှူခံ၍ ရောက်လာသော တပည့်တို့အား စာပေပို့ချကာ သီတင်းသုံးတော်မူခဲ့ရာ ထိုအချိန်မှစ၍ "ကျီးသဲလေးထပ်ဆရာတော်"ဟု ခေါ်ဝေါ်သမုတ်ကြလေသည်။

ထို့နောက် ရှေးက မြောက်ဆိပ်ရွာဟု ခေါ်သော ရွှေတောင်မြို့သို့ ပြန်လည်ပြောင်းရွှေ့လာကာ ဗိုလ်ရုံကျောင်းတိုက်သစ်ကို တည်ထောင်၍ စာသင်တပည့်တို့အား တစ်နေ့လျှင် စာလေးဝါ၊ ငါးဝါပို့ချလျက် နေတော်မူစဉ် တောင်းပန်လျှောက်ထားကြသော ပုဂ္ဂိုလ်တို့၏ အလိုဆန္ဒကို ထောက်ထားငဲ့ညှာတော်မူ၍–

(၁) မင်္ဂလတ္ထဒီပနီနိဿယ၊
(၂) စွယ်စုံကျော်ထင်အဖြေကျမ်း၊
(၃) ဇိနတ္ထပကာသနီကျမ်း၊
(၄) သီလဘေဒပကာသနီကျမ်း၊
(၅) ဒိဋ္ဌိဒီပကကျမ်း၊
(၆) ပဥ္စာဗျာကရဏကျမ်း၊
(၇) နိဗ္ဗာန်လမ်းပြကျမ်း
(၈) သံသယဝိသောဓနကျမ်း၊
(၉) မနောရထပူရဏီကျမ်း၊
(၁၀) ဝိမဟိစ္ဆေဒနီကျမ်း၊
(၁၁) သင်္ဂြိုဟ်နိဿယသစ်၊

mgyoe.com

mgyoe.com



(၁၂) သဒ္ဒါကြီးနိဿယသစ်၊
(၁၃) ဂန္ဓဝံသနိဿယ၊
(၁၄) ကဗျာသာရတ္ထသင်္ဂဟကျမ်း၊
(၁၅) ဝိနည်းငါးကျမ်းပါဠိတော်နိဿယ၊
(၁၆) ကဝိသာရဆန်းဋီကာနိဿယ၊
(၁၇) ကျီးသဲမေတ္တာစာ၊
(၁၈) ဒုဋ္ဌဂါမဏိပြဇာတ်၊
(၁၉) ပုရာဏ်ကျမ်းနှင့်ဓမ္မဂ်ဖတ်စာ၊
(၂၀) စစ်ကဲမောင်ထော်လေးရေစကျ်ချ၊
(၂၁) သဒ္ဓနဝိလာသိနီ၊
(၂၂) အနန္တသုခဒီပနီ၊
(၂၃) ဆပဥ္စဂီတကျမ်း၊
(၂၄) သုပိနာရျာယကျမ်း၊
(၂၅) ဓမ္မဒေသနာတရားစာ၊
(၂၆) ဗုဒ္ဓဝန္တနာကျမ်း၊
(၂၇) ဆုတောင်း ၁၅– ဂါထာပါဠိ၊
(၂၈) ပရိတ်နိဒါန်း၊
(၂၉) မဟောသရပျို့၊

ဤကျမ်းစာတို့ကို ရေးသားစီရင်တော်မူခဲ့လေသည်။

သက္ကရာဇ် ၁၂၃၉–ခုနှစ်တွင် ရတနာသုံးပါးကို အားထားယုံကြည်၍ သာသနာတော် ကြီးပွားစည်ပင်ခြင်းကို လိုလားသော သူဌေး ဦးကြင်ဥနှင့် သူဌေးကတော် ဒေါ်ရွှေပွင့်တို့သည် ဆရာတော်အား မိမိတို့၏ နေထိုင်ရာ မော်လမြိုင်မြို့သို့ ပင့်ဆောင်ပြီးလျှင် "မင်္ဂလာဘုံကျော်"အုတ်ကျောင်းတော်ကြီးကို ဆောက်လုပ်၍ တင်လှူကြလေသည်။

ကျီးသဲလေးထပ် ဆရာတော်သည် မော်လမြိုင်မြို့ မင်္ဂလာဘုံ

mgyoe.com

mgyoe.com



ကျော် အုတ်ကျောင်းတော်ကြီးတွင် တပည့်စာသင်သားတို့အား အထူးထူးသော စာပေကျမ်းဂန်များကို သင်ကြားပို့ချတော်မူသည့် အကြားမှပင် အားလပ်သည့် အချိန်များတွင် ဖခင်အလား အားထားကြည်ဖြူသော ကျီးသဲလေးထပ်ကျောင်းဒါယကာ အမတ်ကြီးဦးမှုံ၏ လျှောက်ထား တောင်းပန်ဖူးသည်ကို သတိရတော်မူ၍–

(၃၀) မဟာဝင်ဝတ္ထုကျမ်း၊

ကို မြန်မာစကားပြေသက်သက်ဖြင့် သက္ကရာဇ် ၁၂၄၀– ပြည့်နှစ်တွင် အပြီးအပိုင် ရေးသားစီရင်တော်မူနိုင်ခဲ့လေသည်။

အသက်အရွယ် ကြီးရင့်လာသောအခါ ရွှေတောင်မြို့ ဗိုလ်ရုံကျောင်းတိုက်သို့ ပြန်လည်ကြွလာ၍ သီတင်းသုံးနေတော်မူစဉ် သက်တော် ၇၇–နှစ် ဝါတော် ၅၇–ဝါ သက္ကရာဇ် ၁၂၅၆–ခုနှစ်တွင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့သော်မှ မလွန်ဆန်နိုင်သော သေမင်း၏အလိုနိုင်ငံသို့ လိုက်ပါတော် မူရလေသည်။

---

## မူလရည်ရွယ်ချက် မပျက်စေရန်
## ပုံနှိပ်ထုတ်ဝေခြင်း

မြန်မာပြည်တွင် ယခုအခါ ဘုရားကိုးဆူပူဇော် ဆက်ကပ်ကြရာ၌ ဂြိုဟ်ကြီး ၉–လုံးကို ထည့်သွင်းကာ ဂြိုဟ်ပူဇော်ခြင်း ဂြိုဟ်စာကျွေးခြင်းများကိုလည်း ပြုလုပ်နေကြပေသည်။ ယင်းသို့ဂြိုဟ်ပူဇော်ခြင်း၊ ဂြိုဟ်စာကျွေးခြင်းများမှာ ဘုရားကိုးဆူပူဇော်ဆက်ကပ်ခြင်း၏ မူလရည်ရွယ်ချက်သို့ မရောက်ဘဲရှိနေပေသည်။

အကြောင်းမူကား ရှေးအခါက မြန်မာတို့သည် ဝေဒကျမ်းမှလာသော အယူဝါဒသို့လိုက်၍ ဂြိုဟ်ကြီး ၉–လုံးကို ပူဇော်လေ့ပြုကြသည်။ ယင်းသို့ အယူမှားနေသော သူတို့ကို တွေ့မြင်သိရှိကြသော သာသနာပြု ရှေးဆရာတော်ကြီးများသည် "လူတို့၏အလိုဆန္ဒလည်း ပြည့်ဝစေ၊ အယူမှားလည်း ပပျောက်စေ, ဘုရားကိုးဆူပူဇော်ခြင်းဖြင့်

mgyoe.com

mgyoe.com



အကျိုးလည်း များစွာရစေ"ဟူသော ရည်ရွယ်ချက်ဖြင့် ဂြိုလ်ကြီး ၉–လုံးပူဇော်သည့်နေရာတွင် အစားထိုး၍ ဘုရားသခင်အား အလယ်တည့်တည့်တွင်တည်ထားပြီးလျှင် ရဟန္တာရှစ်ပါးကိုလည်း အရပ်ရှစ်ခွင်ဂြိုဟ် အိမ်အလိုက်ထားကာ ဘုရားကိုးဆူပူဇော်နည်းကို စတင်တီထွင်၍ ပေးခဲ့ခြင်းဖြစ်ပေသည်။

ထိုကဲ့သို့ ရှေးသာသနာပြု ဆရာတော်ကြီးများ၏ မူလရည်ရွယ်ချက်များကို သိရှိကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် အမှားကိုပြင်ဆင်၍ အမှန်သို့ သက်ဝင်လာစေရန်အတွက် ဓိနတ္ထပကာသနီစသော ကျမ်းပေါင်းများစွာ ပြုစုတော်မူခဲ့သည့် ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ သဒ္ဓနဝိလာသိနီကျမ်းမှထုတ်နုတ်၍ ဘုရားကိုးဆူ ပူဇော်ဆက်ကပ်နည်း, အောင်ခြင်းရှစ်ပါးပါဌ်အနက်၊ သာသနာလျှောက်အကျယ် စာတမ်းများနှင့်တကွ ဘုရားကိုးဆူပူဇော်ခြင်းအကြောင်းနှင့်စပ်လျဉ်းသည့် ကင်းဝန်မင်းကြီး အမေး မောင်းထောင်ဆရာတော်အဖြေဖြစ်သော ဘုရားကိုးဆူပူဇော်ခြင်း အတ္ထုပ္ပတ္တိဝိနိစ္ဆယအပြင် ဓမ္မပဒအဋ္ဌကထာလာ အာယုဝဍ္ဍနသတို့သား ဝတ္ထုကိုပါ ထည့်သွင်း၍ ရိုက်နှိပ်ခြင်းပြုပါသည်။

ယင်းသို့ ရိုက်နှိပ်ရာတွင် စာရှုသူတို့ အလွယ်တကူ မှတ်ယူနိုင်စေရန် စာအထားအသို အဖြတ်အတောက် သန့်ရှင်းစေခြင်း၊ အခန်းကဏ္ဍ ခေါင်းစီး ထည့်သွင်းခြင်း၊ ပုဒ်ပါဌ်အက္ခရာ ချွတ်ယွင်းတိမ်းပါး မရှိစေခြင်း စသည့်အချက်များကို သေချာစေ၄ အထူးဂရုပြု ၍ ဆရာဦးခင်စိုး[သာသနဓဇ သိရိပဝရ ဓမ္မာစရိယ] နှင့် ဆရာဦးသိန်းဟန်၊ (၁)ဦးတင်နွယ်၊ ဦးဟန်ထွန်း၊ ဦးပု၊ ဦးရွှေဖူး၊ ဦးသိန်းဟန် (၂)ဟံသာဝတီ ပါဠိဆရာများအဖွဲ့က ကောင်းစွာတည်းဖြတ် ကြပ်မသုတ်သင် ပြင်ဆင် ရိုက်နှိပ်အပ်သည် ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဘုရားကိုးဆူ ပူဇော်နည်း

[ကျီးသဲလေးထပ် ဆရာတော်]

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## (၁) ညဥ့်ဦးယံ ဘုရားပင့်

၁။ အစိန္တေယျ၊ အပ္ပမေယျ၊ သေဋ္ဌဇေဋ္ဌ၊ အရဟံ အနုတ္တရ၊ မည်တော်ရလျက်၊ စရိယာစာဂ၊ စရဏာပါရမီ၊ အလီလီသော၊ ဗောဓိသမ္ဘာရအပေါင်းကို၊ မြင့်ညောင်းကမ္ဘာ၊ လေးဖြာသင်္ချေ၊ လွန်လေတစ်သိန်း၊ မတိမ်းမဖင့်၊ ဖြည့်ကျင့်ရွက်ဆောင်တော်မူခဲ့သည်နှင့်အညီ၊ သုံးလီခေတ္တ၊ ဘဝသုံးစုံ၊ သုံးပါးဘုံ၌၊ တစ်စုံတစ်ရာ၊ ဗြဟ္မာနတ်လူ၊ သူရာမာရ်မင်း၊ ရန်ခပင်းတို့သည်၊ နှိမ်နင်းဖြိုဖျက်၊ လုယက်တွန်းလှန်ခြင်းငှာမစွမ်း၊ သောင်းခန်းလောကဓာတ်၊ ဘုံသုံးရပ်ကျက်သရေ၊ အောင်မြေသာ့ခေါင်၊ ရွှေညောင်မဏ္ဍိုင်၊ ရန်နိုင်သာဘိ၊ အပ္ပရာဇိပလ္လင်၊ ရွှေဥကင်ထက်၊ မဂ္ဂင်ရှစ်ပါး၊ တရားရိပ်ဖြူ၊ လှစ်တော်မူလျက်၊ လေးဆူသီလ၊ တိကသိက္ခာ၊ ဝိဇ္ဇာသုံးရပ်၊ ဆင့်လတ်ရှစ်တန်၊ ဘိညာဉ်ခြောက်လီ၊ သမ္ဘိဒါလေးရပ်၊ သမာပတ်ကိုး၊ တန်ခိုးရှစ်ဉီး၊ ဘုန်းထူးခြောက်တည်၊ ခုနစ်မည် ဝိသုဒ္ဓိ၊ ဗောဓိပက္ခိယ၊ ဓမ္မခရိုင်၊ ရန်နိုင်ကိုယ်ရုံ၊ ဗိုလ်လုံးစုံကို၊

mgyoe.com

mgyoe.com

အုပ်ခြုံစိုးကွပ်တော်မူ၍၊ ဂေါတြဘူဝေါဒါန်၊ အနန္တရိရ်မဂ်၊ သန်လျက်ရတနာ၊ ညဥ့်လေးဖြာတို့ဖြင့်၊ သံသရာအရှည်၊ ကျင်လည်စေတတ်၊ နှိပ်စက်တတ်သော–ကိလေသာရန်ခက်၊ သုံးထောင်ဝက်ကို၊ ပယ်ဖျက်တွန်းလှန်၊ အောင်ပွဲခံ၍၊ သယမ္ဘူ အာသဝက္ခယ၊ အမည်ရသောအရဟတ္တမဂ်ဉာဏ်၊ အနုတ္တရဝိမောက္ခ အမည်ရသော အရဟတ္တဖိုလ်ဉာဏ်၊ ပယ်ချန်သော ကိလေသာနှင့်တကွ၊ ရအပ်သော မဂ်ဖိုလ်ကိုဆင်ခြင်လစ်သော ပစ္စဝေက္ခဏာဉာဏ်၊ သမန္တစက္ခု၊ သဗ္ဗညုတအမည်ရသော အနာဝရဏာဉာဏ်၊ အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ ယမကပါဋိဟာရိယဉာဏ်၊ ဤခြောက်တန်သော အသာဓာရဏ၊ စတုဝေသာရဇ္ဇ၊ ဒသဗလ၊ စသည်ကျေးဇူး၊ ဂုဏ်တော်ထူးတို့ဖြင့်၊ မြွက်ကျူးပြီးပိုင်၊ မချီးနိုင်၍၊ တစ်ပြိုင်တည်လျက်၊ တစ်ပြိုင်ပျက်သော၊ တိုက်စကြဝဠာ၊ အာဏာခေတ်နေ၊ ကုဋေတစ်သိန်း၊ ရေကိန်းတည်ဘွဲ့၊ သုံးဆယ့်တစ်ခရိုင်၊ ပြည်မဏ္ဍိုင်၌၊ ဦးကိုင်ချုပ်ချာ၊ ကိုယ်လျှံဝါဖြင့်၊ ဘာဝနာစျာန်၊ လျင်ထန်ဂုဏ်ဟိတ်၊ ထန်းရိပ်ထိုထက်၊ မြားမထွက်မီ၊ စကြဝဠာနရန်း၊ ပျံသန်းကူးကြွ၊ ကွန့်မြူးကြသော၊ သုဒ္ဓါဝါသဗြဟ္မာမင်း။

၂။ သတ္တရတ္နန်သီဒါ၊ ညီလာခွေပတ်၊ ရေရဟတ်ရစ်ရံ၊ ငါးဆင့်ခုံထက်၊ လေဟုန်ရောင်ညီ၊ လောင်လီလီသော၊ ဂိရိဗဟို၊ မြင်းမိုရ်သာခေါင်၊ ရွှေတောင်မကုဋ္ဌ၊ သောင်းပြင်ဝထက်၊ တေဇထူးမြတ်၊ နတ်နတ်အပေါင်း၊ ခိုအောင်းစံရာ၊ အမရာဝတီ၊ ဌာနီသုဒဿန၊ အယုဇ္ဈဘူမိန်၊ ပြည်ဝတိန်၌၊ သူရိန်ထောင်သောင်း၊ ရောင်ပေါင်းမြူးပတ်၊ ကူးကာဟတ်သော၊ နဝရတ်ဗိမာန်၊ နန်းဝေယန်ဖြင့်၊ စိုးစံပျော်ပါး၊ နတ်တလွှားကို၊ ပိုင်ကားအုပ်ချုပ်၊ မင်းပြုလုပ်သော၊ ဝိဇယုတ္တရ၊ ဝဇိရဏ္ဏှာ၊ မဟာဒေဝရာဇ် သိကြားမင်း။

၃။ မြင်းမိုရ်တောင်အောက်၊ ခနောက်မြဲစိုင်၊ ညှပ်တိုင်သုံးခုတို့၏အကြား၊ ငွေပြားကျူလွှာ၊ မန္ဒာသဲဖြူ၊ ယူဇနာပေါင်း၊ တစ်သောင်း

mgyoe.com

ကျယ်ပြော၊ မြေတကြော၌။ ခသောကသာရ၊ နာမတွင်မည်၊ ရွှေပြည်ကြီးသခင်၊ မြသွင်ရိုးရှက်၊ ငွေခွက်ပွင့်ဝတ်၊ သခွတ်ကြငှန်း၊ ပင်နန်းဦးကိုင်၊ စိုးပိုင်ချုပ်ချာ၊ ကျော်ဇုန်ဝါသောအသုရာနတ်မင်း။

၄။ မေရုသမန္တ၊ ဒုတိယအာလိန္ဒာ၊ ယူဇနာဆယ်ပြန်၊ လက်ပံရွှေဘုံ၊ ပင်ရိပ်မြဲ၌၊ ဂဠုန်အရပ်ရပ်၊ ဓာတ်ပဋိသန်၊ လေးတန်ကွဲပြား၊ ငှက်အများကို၊ ကြီးမားဘုန်းဟုန်၊ စိုးအုပ်ချုပ်သော၊ ဂဠုန်ငှက်မင်း။

၅။ ရှစ်စင်းအဏ္ဏဝါ၊ ဒီပါနှစ်ထောင်၊ ဝန်းမြောင်ရံပတ်၊ လောကဓာတ်ကို၊ နှိပ်ကွပ်နှံ့လှစ်၊ စိုးမည်ဖြစ်ကို၊ အနှစ်တစ်ရာ၊ ရှည်စွာကာလ ရှေးမဆွက၊ လောကဗျူဟာ၊ နတ်သုရာတို့၊ သြဘာသနိမိတ်၊ တိတ်တဘောင်ပေး၍၊ ဟစ်ကြွေးကြော်ငြာရသဖြင့်၊ လောကပရမေ၊ ပဒေသာရာဇ်ဇေကရာဇ်၊ ဖွင့်လှစ်ကဒဏ်၊ နန်းစံထီးဆောင်း၊ မင်းအပေါင်းနှင့်တကွ၊ ဆတ္တိံသယူဇနာ၊ ဗိုလ်ပါပရိသတ်၊ ဝန်းရံပတ်လျက်၊ ရဟတ်စက်လျှံ၊ ယာဉ်ပျံစီးလစ်၊ လေးကျွန်းရစ်၍၊ နတ်စစ် နှစ်ပြည်ဆက်ရှည်စိုးတင့် တန်ခိုးပွင့်သော၊ လူမင့်အထွတ်၊ စက္ကဝတ် မန္ဓာတ်မင်း။

၆။ ကျယ်ဝန်းယူဇနာ၊ ငါးရာပြည့်ဝ၊ ဘောဂဝတီ၊ ရေညီရံခ၊ ကမ်းငွေလွှထက်၊ ဝိရူပက္ခ၊ ဇရာပထ၊ ဆဗျာပုတ္တ၊ တဏှာဂေါတမ၊ နာဂလေးရိုး၊ ရေနတ်မျိုးကို၊ ပိုင်စိုးရသဖြင့်၊ ဃောရဝိသံ၊ အလျှံချောင်းချောင်း၊ မျက်စောင်းလက်နက်၊ ဇုန်တက်ညီးညီး၊ လောင်မီးမက၊ ပြင်းထန်လှသော၊ ဘုဇဂရာဇာ၊ မဟာရေနတ်မင်း။

၇။ နာဂုတ္တမ၊ စတုတ္ထအာလိန်၊ ရိပ်ငြိမ်ခရိုင်၊ နိုင်ငံနတ်ရပ်ဝယ်၊ ဂန္ဓဗ္ဗမျိုး၊ တန်ခိုးဇုန်ဆူ၊ ဟူဟူဟာဟာ၊ သညာအမည်၊ အတည်တည် အဝဝ၊ ပဉ္စသိခ၊ သုယာမနတ်၊ ဂန္ဓဗ္ဗဇာတိ၊ ရှိသ၍နတ် ဘုံ၊ အလုံးစုံကို အုပ်ချုပ်ပိုင်သ၊ အာဏာရှိသော၊ ဂန္ဓဗ္ဗနတ်မင်း။

၈။ ဤမင်းခုနစ်ဦးတို့သည်၊ အထူးသဖြင့်၊ အတင့်အတယ် ခြယ်လှယ်ဆန်းပြား တမွတ်ထား၍၊ ပတ္တမြားစိန်ခဲ၊ ပုလဲသန္တာ၊ နီလာဂေါ်မုတ်၊ ဥဿဖရား၊ မြတ်ကိုးပါးရတနာကို သင့်ရာသင့်ရာစီ၍ ဇမ္ဗူ

mgyoe.com

mgyoe.com


ဒီကျက်သရေ၊ သပြေပင်ဖြစ် ဇမ္ဗူရစ်သိင်္ဂီရွှေစာမိတို့ဖြင့်၊ မြွာစီသွန်းခတ်၊ လုပ်ဆောင်အပ်သော သင်းကျပ်ဦးစိုက်နှင့်တကွ အနဂ္ဃအနန္တ၊ အဝိညာဏကရတနာတွင် မင်္ဂလာအပေါင်း၊ ပုံဆောင်ရှိုင်းခိုင်းခြင်းငှာ မအပ်၊ မင်းမြတ်ခုနစ်ပါးတို့ ဦးဖျားထိပ်ပြင်ဝယ်၊ ဆင်ယင်စိုက်ထူသော သရဖူနှဲ့ညွှတ် မကိုင်ရွှထွတ်၌ သွင်းသွတ်စေ့စပ် မြဲစွာညှပ်၍ တပ်အပ်သောရတနာ စိန္တာမဏိ၊ ဓောတိရသ်ပတ္တမြား၊ စိန်ဖူးဖျား၌ ဘဝါးနှစ်မြွာ ရွှေစကြာဖြင့်၊ ခိုက်ကာထိပါး နင်းသွားစံပယ်ခြင်းငှာထိုက်တော်မူသော ကြောင့် နတ်အသုရာ၊ ဗြဟ္မာသိကြား၊ နဂါးဂဠုန်၊ ကုမ္ဘဏ်ဂန္ဓဗ်၊ စက္ကဝတ်သနင်း၊ အမင်းမင်းတို့၏သခင်၊ ဗောဓိချင်စက္ကရတ် သူမြတ်တကာတို့၏ ဓိပတိ အပရိမာဏ်၊ ရွှေဉာဏ်တော်အရှင် အနန္တဂုဏ်အင်၊ မဂ္ဂင်ပါဠိရဂူဖြစ်တော်မူသော သုံးဘုံသူ ဇေရာဇ်ရှင်ချစ်ကိုတော်မြတ်ဘုရား…။

၉။ သုံးပါးကာလ၊ ဒွါဒသအင်္ဂါ၊ သုံးဖြာအစပ်၊ လေးရပ်အလွှာ၊ ခြင်းရာနှစ်ဆယ်၊ သုံးသွယ်ဝဋ္ဋ၊ အာဗန္ဓဟု၊ မြစ်မနှစ်ဖြာ၊ သံသရာ၌ ခန္ဓာပင်စည် တလည်လည်ဖြင့် ကြာရှည်နစ်မွန်း၊ ပင်ပန်းကုန်ကြသော ဘုရားတပည့်တော်တို့မှာ၊ ထိုသံသရာဝဋ္ဋ ဝဲရဟတ်မှ ထွက်လွတ် ကူးမြောက်လိုသော ဆန္ဒအာသီ၊ အတိတာနန္တရ၊ ဣဒပစ္စယတာ၊ ကြမ္မာပိဋ္ဌိတ်၊ ဝိပရိတ်ကြောင့်၊ ဝိတ္တိစ္ဆာန၊ ရှေးသူ့ပညတ်၊ ဥပါဒ်ဋ္ဌိဘင်၊ သုံးအင်တိုင်ကျ၊ အနိဋ္ဌသူလာ၊ နမန္တာသုသာန်၊ သုံးတန်ကဏ္ဍာ၊ ပါပရန်လား၊ ဂြိုဟ်စားဂြိုဟ်ပျက်၊ ဂြိုဟ်ထွက် ဂြိုဟ်နင်း ယိုယွင်းဒသာ၊ ဓာတာမသန့်၊ စန်းတန့်လက်စီး၊ တိတ်ကြီးတစ်ဘောင်၊ သူယောင်သူပျက် အိပ်မက်စနည်း သကြီးငှက်ဝင် ဒုမင်္ဂလ၊ ဒုန္နိမိတ္တ ဟူသမျှတို့သည် ရတနတ္တယ၊ နုဘာဝဂုဏ် ဘုန်းတော်ဟုန်ကြောင့်တစ်စုံတစ်ခု မြူနှဆံခြမ်း ရန်မသန်းဘဲ ဘေးကျမ်းအန္တရာယ်၊ အသွယ်သွယ်တို့မှ စင်ကြယ်သန့်ရှင်း ကင်းစေလိုသော စေတနာ၊ သမ္မာဆန္ဒ၊ ဥဿာဟဖြင့် အစိန္တေယျ၊ လောကဥက္ကဋ္ဌ၊ ဘုရားမြတ်နှင့် လျောက်ပတ်လှစွာ

mgyoe.com

mgyoe.com


ဗုဒ္ဓါသန၊ သေဠဘူမိ၊ အပရာဇိဗိမာန်၊ တံခွန်ဆီမီး၊ ထီးနှင့်တကွ၊ မွေးလှကြိုင်ရွှန်း၊ ဆွမ်းပန်းဩဇာ၊ ကပ်လှူလိုပါသည်ဖြစ်၍၊ သက္ကရာဇ် ၁၃၂၅ ခု၊ ရတုဝသန္တ၊ တော်သလင်းလဆန်း(၁၄)ရက် နံနက် အရုဏ်လာလျှင် မြတ်စွာဘုန်းမော် ကိုယ်တော်အရှင်နှင့်တကွ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အာနန္ဒာ၊ အရှင်ကောဏ္ဍည၊ အရှင် ရေဝတ၊ အရှင်ဥပါလိ၊ အရှင်ဂဝံပတိ၊ အရှင်ရာဟုလာ၊ ဤအရှင်မြတ်ကိုးပါးတို့သည် (  )နေ့(  )သား(  )ဒါယကာ၏အလှူကို ခံတော်မူရန် ကြွရောက်တော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ကြား အသနားတော် ခံပါသည်ဘုရား။

မှတ်ချက်။ ။ ညဥ့်ဦးယံဘုရားပင့်၍ နံနက်တွင်တစ်ကြိမ်လျှောက် သက္ကရာဇ် နှစ်, လ, ရက်မှာ ရောက်သော နှစ်, လ, ရက်ကို သွင်း၍ဆို။

---

## (၂) ကပ်လှူပူဇော်ရန်

၁။ ဗုဒ္ဓေါစ မဇ္ဈိမေ သေဋ္ဌော၊
သာရိပုတ္တောစ ဒက္ခိဏော။
ပစ္ဆိမေနစ အာနန္ဒော၊
မောဂ္ဂလာနောစ ဥတ္တရေ။ ။

၂။ ကောဏ္ဍညော ပြုဗ္ဗဘာဂသ္မိံ၊
ဗာယဗေ့စ ဂဝံပတိ။
ဥပါလိ နရတိစေဝ၊
အဂ္ဂိနေရဠ ရေဝတော။ ။

ရာဟုလောစေဝ သေန္တွေ၊

mgyoe.com

mgyoe.com


သဗ္ဗံမေ ဧယျမင်္ဂလံ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။ ။
[ဤဂါထာတို့ကို သုံးခေါက်ရွတ်ဆိုရမည်။]

## ဘုရားသခင် သီတင်းသုံးရာ

၁။ မဇ္ဈိမေ၊ မဟာဗောဓိ သီရိရွှန်းစို ညောင်ညိုပလ္လင် ပုံပြင်တူစွာ အလည်ချာဟု ဆိုအပ်သောအရပ်၌၊ သေဋ္ဌော၊ ဖြဟွာ လူနတ် ပေါင်းသုံးရပ်တို့ ရင်ခတ်လက်တီး ချီးမွမ်းအံ့ဩထိုက်လှသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ပတိဋ္ဌိတော၊ အရဏ်တက်ရာ ဝိဒေဟာသို့ မျက်နှာရှေးရှု တည်တော်မူသတည်း။

## ရှင်သာရိပုတ္တရာ သီတင်းသုံးရာ

၂။ ဒက္ခိဏေ၊ ဘုရားလကျ်ာ တောင်မျက်နှာ၏ ကောင်းစွာခင်းထ နေရာလှ၌။ သာရိပုတ္တော၊ ဓမ္မသေနာပတိ အမည်ရှိသော သာရိပုတ္တရာ မဟာထေရ်မြတ် ကဝိထွက်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေးရှု တည်တော်မူသတည်း။

## ရှင်အာနန္ဒာ သီတင်းသုံးရာ

၃။ ပစ္ဆိမေနစ၊ အနောက်မျက်နှာ ရပ်နေရာ၌။ အာနန္ဒော၊ သတိ, ဂတိ, မိတိမန္တ, ဝီရိယ, ဥပဋ္ဌာ ငါးခါတေဒဂ် မိန့်မြွက်ရင့်ကျူး အရာထူးဖြင့် သုံးဦးဘုံခွင် ကျော်စောထင်သော အရှင်အာနန် ညီတော်မွန်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေးရှု တည်တော်မူသတည်း။

## ရှင်မောဂ္ဂလာန် သီတင်းသုံးရာ

၄။ ဥတ္တရေ၊ လက်ဝဲခေါ်ရာ မြောက်မျက်နှာ၏ ကောင်းစွာခင်းထ

mgyoe.com

mgyoe.com

နေရာလှ၍။ မောဂ္ဂလာနော၊ ဣဒ္ဓိမန္တဂုဏ်ဗလဝဖြင့် ပုညလွန်ကဲ လက်ဝဲတော်ရံ မောဂ္ဂလာန် အရှင်မြတ်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေးရှု တည်တော်မူသတည်း။

## ရှင်ကောဏ္ဍည သီတင်းသုံးရာ

၅။ ပြဗ္ဗဘာဂသ္မိံ၊ အရှေ့မျက်နှာ ဘွယ်ရာခင်းအပ် နေရာမြတ်၌။ ကောဏ္ဍညော၊ ဓမ္မစကြာတရားနာ၍ သစ္စာလေးအင် ရှေးဦးမြင်၍ အညာတကောဏ္ဍည အမည်ရသော သာဝကထေရ်မြတ်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေးရှု တည်တော်မူသတည်း။

## ရှင်ဂဝံပတိ သီတင်းသုံးရာ

၆။ ဗာယပွေစ၊ နောက်မြောက်ရပ်ခွင် နေရာပြင်၌လည်း။ ဂဝံပတိ၊ သမာဓိက္ခန္ဓ ကျော်စောလှသော ဂဝံပတိ အရှင်မြတ်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေးရှု တည်တော်မူသတည်း။

## ရှင်ဥပါလိ သီတင်းသုံးရာ

၇။ နရတိစေဝ၊ နောက်တောင်မျက်နှာ မြတ်နေရာ၌ကား။ ဥပါလိ၊ ဝိနည်းဓိုရ်တွင် အရှင်ဥပါလိထေရ်မြတ်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေးရှု တည်တော်မူသတည်း။

## ရှင်ရေဝတ သီတင်းသုံးရာ

၈။ အဂ္ဂိနေရဋ္ဌ၊ အရှေ့တောင်ခွင်နေရာပြင်၌။ ရေဝတော၊ အရညကင် ခုတင်မွေ့လျော် ရှားတောပျော်သား ရှင်ကျော်ရေဝတ မြတ်ထေရ်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာရှေးရှု

mgyoe.com

mgyoe.com


တည်တော်မူသတည်း။

ရှင်ရာဟုလာ သီတင်းသုံးရာ

၉။ သေန္ဓေ၊ အရှေ့မြောက်ညာ ရပ်ခန်းဝါဠ်၊ ရာဟုလောစေဝ၊ သိက္ခာကာမ ရှိသေလှသား ဘုရားသားတော် ရှင်ကျော်ရာဟုလာ ထေရ်မြတ်စွာသည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ ရှိသေစွာဖြင့် မျက်နှာ ရှေးရှုတည်တော်မူသတည်း။

ကပ်လှူပူဇော်

အဟံ၊ အကျွန်ုပ်သည်။ သက္ကစ္စံ၊ ရိုသေစွာ။ သဗ္ဗဒါ၊ နေ့ညဉ့် နာရီပါဒ်ဗီဇနာ ခရာမလပ်အထပ်ထပ်လျှင်။ ဝန္ဒာမိ၊ ရှိခိုးဦးနှိမ်ပါ၏ ဘုရား။ တေနာနုဘာဝေန၊ ထိုအရှင်တို့ ဘုန်းအင်ရှိန်စော် အာနုဘော် ကြောင့်။ မေစ၊ အကျွန်ုပ်အားလည်းကောင်း၊ ဣမဿစ၊ ဤအမည် ရှိသော ( )သူအားလည်းကောင်း။ ဇေယျမင်္ဂလံ၊ ရောဂါဘေးဒဏ် ရန်မာန်ခပင်း ရှိမဲ့လျှင်းကို ပယ်ရှင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။

ဘန္တေ–ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ သပုတ္တဒါရေဟိ၊ ဇနီးညာထား သမီးသားနှင့်တကွ ဖြစ်ကုန်သော။ ဉပါသကေဟိ၊ ( )တို့သည်။ ဓမ္မိယလဒ္ဓံ၊ တရားသဖြင့် အသင့်ရှာတွေ့၍ ရအပ်သော။ ပဏီတံ၊ မွန်မြတ်လှစွာသော။ ဣမံခါဒနီယ ဘောဇနီယံ၊ ဤခဲဖွယ် ဘောဇဉ်ချိုချဉ်ရသာ ဩဇာထူးမြတ် အရပ်ရပ်ကို။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ သံဃဿ၊ သံဃာတော် အပေါင်း အရှင်ကောင်းအား။ ဒေမ၊ သဒ္ဓါရွှင်လန်း လှူဒါန်းပူဇော်ပါ ကုန်၏။ ပရိဝိသေမ၊ ရိုသေမြတ်လေး လုပ်ကျွေးပြုစုပါကုန်၏။ ဓဇဆတ္တ ဒီပါဒီနိ၊ တံခွန်တိုင် ထီး ဆီမီး ရေချမ်း ပန်းမန်စသည်တို့ ကိုလည်း။ ဒေမ၊ လှူဒါန်းပူဇော်ပါကုန်၏။ တုမှေ၊ အရှင်ဘုရားတို့သည်။ ပရိဘုဥ္ဇထ၊

mgyoe.com

သုံးဆောင်ဘုန်းပေးတော်မူပါကုန် အရှင်ဘုရား။ ။ ဤသို့ကပ်လှူ ပူဇော်ရမည်။

---

mgyoe.com